# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်သည့် ဥပဒေ
# (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၉၇)
# ၁၃၅၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်
# (၁၉၉၇ ခုနှစ်၊ မတ်လ ၂ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

၁။ ဤဥပဒေကို မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံသားဥပဒေတွင် ပါရှိသော "ပြည်ထဲရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၆၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၇။ အစိုးရအဖွဲ့သည် ဗဟိုအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) ဝန်ကြီး အဖွဲ့ဝင်

နိုင်ငံခြားရေးဝန်ကြီးဌာန

(င) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ အတွင်းရေးမှူး

(ပုံ)

သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့